# လယ်တီဆရာတော်ဘုရားကြီး၏ ဒီပနီများမှ ပိဋကတ်ကျမ်းဂန်လာဥပမာအလင်္ကာများ

ပါရဂူ (Ph.D) ဘွဲ့အတွက် တင်သွင်းသောကျမ်း

ဒေါ်ခင်ဆန်းဦး

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၅ ခုနှစ်၊ မေလ

# ကျမ်းပြုသူ၏ ကိုယ်ရေးအကျဉ်း

| | | |
|---|---|---|
| ကျမ်းပြုသူအမည် | - | မခင်ဆန်းဦး |
| မွေးသက္ကရာဇ် | - | ၁၆-၄-၁၉၅၃ |
| မိဘအမည် | - | ဦးတင်ဦး - ဒေါ်ရင်မြိုင် |
| ပညာအရည်အချင်း | - | ဝိဇ္ဇာ၊ မဟာဝိဇ္ဇာ |
| ပါရဂူဘွဲ့အကြိုစာတမ်း | | |
| တင်သွင်းဖတ်ကြားသည့် ပညာသင်နှစ် | - | ၂၀၀၂-၂၀၀၃ |
| ပါရဂူဘွဲ့ကျမ်းတင်သွင်းသည့် | | |
| ပညာသင်နှစ် | - | ၂၀၀၅-၂၀၀၆ |
| ခုံအမှတ် | - | ပါရဂူ မ-၄ |
| ကျမ်းတင်သွင်းသည့်တက္ကသိုလ် | - | ရန်ကုန်တက္ကသိုလ် |

## ကျမ်းအကျဉ်းချုပ်

ဤကျမ်းကိုအခန်းခြောက်ခန်းခွဲ၍ တင်ပြထားပါသည်။ ဤကျမ်း၌လယ်တီဆရာတော်ဘုရားကြီး ရေးသားသော ဗောဓိပက္ခိယဒီပနီ၊ ကမ္မဋ္ဌာနဒီပနီ၊ ပဋိစ္စသမုပ္ပါဒဒီပနီနှင့် ဥတ္တမပုရိသဒီပနီတို့မှ ပိဋကတ်ကျမ်းဂန်လာဥပမာအလင်္ကာများအကြောင်းကို ဘုရားဟောပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာနှင့်နိဿယတော်တို့အထိခြေရာကောက်ကာ သုတေသန ပြုထားပါသည်။ ဤဒီပနီများရှိ ဥပမာအလင်္ကာများမှ ဥပမာန(အနှိုင်း)နှင့် ဥပမေယျ (အနှိုင်းခံ)တို့ကို ပိဋကတ်တော်နှင့် ကျမ်းဂန်စာပေတို့၌ တွေ့ရှိသမျှရှာဖွေ လေ့လာတင်ပြထားပါသည်။ လယ်တီဆရာတော်ဘုရားကြီး၏ ဥပမာအလင်္ကာများအကြောင်းတင်ပြရာ၌ ဘုရားဟောပါဠိတော်မှ တိုက်ရိုက်လာသော ဥပမာများအကြောင်းနှင့် တရားတော်နှင့် နီးနွယ်ဆက်စပ်သော ဥပမာများအကြောင်းကို ကျမ်းကိုးကားချက်များ နှင့်တကွ တင်ပြထားပါသည်။